
ခေတ်ဆွေး

# ပိုးဟပ်ဖြူ

ချစ်လွန်းလို့ ရူးပါစေ

ရူးလွန်းလို့ ကြွေပျက်ပါစေ

မြတ်နိုးတတ်သူ နှလုံးသားမှာ ...

ရာဇဝင်တွင် မဲ့ ပေးဆပ်ခြင်းတွေ နဲ့

ဘဝဆက်တိုင်း

သစ္စာခံနေပါရစေ....။

## နိဒါန်း

ညယောင်ဆောင်တဲ့ မျက်လုံးတွေ နဲ့

အိပ်မက်ပေးသူရေ...

ငါ့ရဲ့ ခွန်အားတွေ ကို

ဘယ်နတ်ဆိုး ခိုးယူသွားလဲတော့ မသိဘူး

ညညဆိုရင် မင်းနဲ့ပတ်သက်တဲ့

အိပ်မက်တွေ ကို ဆာလောင်လွန်းလို့

ခံစားမှု စီးချင်းတွေ ကို တရစပ်ထိုးထိုးနေခဲ့ရတယ်

အဲ!

အိပ်မက်တွေ ကြားမှာ ညပ်နေတဲ့

ချစ်ခြင်းတွေ ကို ဆွဲထုတ်ပစ်ဖို့

ငါ့စိတ်ကူးတွေ ကို ဖမ်းစီးနေခဲ့ပေမယ့်

ရင်ထဲမှာ တော့ စကားလုံးမဲ့ဇုံပါပဲကွယ်

ဒါပေမယ့်ပေါ့...

မင်းရဲ့ ချစ်ခြင်းတွေ ကို ရရှိဖို့အတွက်

နှင်းဆီပန်းခင်းကို နမ်းရှိုက်ပြီး

အလင်းတံခါးကို ဖွင့်လှစ်ခဲ့မယ်

နောက်...

လမင်းဆီက အလင်းတွေ လုပြီး

ခံစားချက်တွေ ကို မီးထွန်းခဲ့မယ်

ပြီးမှ...

ငွေနှင်းရောင် ဓါးတစ်လက်နဲ့အတူ

လရောင် ကကြိုး တွေ ရဲ့ အောက်မှာ

ပင့်ကူအိမ် တံတားကိုဖြတ်ပြီး

မင်းရှိတဲ့ ဝတ်မှုံ ရဲတိုက်ထဲကို

ရက်ရာဇာ အမွှာပူးကျတဲ့နေ့မှာ

ဝင်လာခဲ့မယ်...

(အလွမ်းသုံးပန်းတွေ နဲ့ပေါ့...)

အဲ!

မျှော်လင့်ချက်တွေ တော့

သဲကြိုး မပြတ်ပါရစေနဲ့ကွယ်...။ ။

ပိုးဟပ်ဖြူ

ကွန်ပျူတာဖြင့် သပ်သပ်ရပ်ရပ် စာစီထားသော အထက်ပါ 'နိဒါန်း' အမည် ရှိ ကဗျာလေးကို ကျောင်းစာတိုက်မှတစ်ဆင့် ကောင်မလေးသုံးယောက် ထံသို့ ရောက်ရှိခဲ့လေသည်။

သူမတို့ ကတော့ 'အင်္ဂလိပ်စာ' မေဂျာမှ အလှဘုရင်မလေး 'နှင်းဟေမာန်စိုး'။ 'ရူပဗေဒ' မေဂျာမှ 'စန္ဒီ'။ 'သင်္ချာ' မေဂျာမှ 'မာလာသင်း' တို့ ဖြစ်ကြသည်။

သူမတို့သုံးယောက် လုံးက မကွေးတက္ကသိုလ်မှ ဒုတိယနှစ် ကျောင်းသူကလေးများ ဖြစ်ကြပြီး မေဂျာ (queen) ကွင်းများ ဖြစ်ကြသည်။

'နှင်းဟေမာန်စိုး' က ဆံပင်ရှည်ရှည် အရပ်ထောင်ထောင် မောင်းမောင်းနှင့် မဟာဆန်ဆန် ချောမောလှသူ ဖြစ်သည်။

'စန္ဒီ' ကလည်း ဆံပင် (three step) ကေ ဖြောင့်စင်းစင်းကလေးနှင့် ကိုရီးယားမင်းသမီးလေးတစ်ပါးနှယ်။

'မာလာသင်း' ကတော့ အသားအရေ ညိုစိမ့်စိမ့်နှင့် ဆွဲဆောင်မှု ရှိလှသူလေး ဖြစ်သည်။

သူမတို့သုံးယောက် ထံသို့ 'ပိုးဟပ်ဖြူ' အမည် ဖြင့် အဆိုပါ ကဗျာလေးတစ်ပုဒ်က ကဗျာဆန်ဆန် ရောက်ရှိလာခဲ့သော အခါ

..............................................

# အခန်း(၁)

"ကျော်သူဝင်း.... မင်း အရင် ရည်းစားတွေ အားလုံးကို အဆက်ဖြတ်လိုက်ပြီဆိုတာ...တကယ်လား..."

"ဒါပေ့ါ....ဘာလဲ...ဖြိုး မင်းသူ မင်းက မယုံလို့လား"

"မင်းကလည်း တော် တော် ယုံစရာ ကောင်းတာကိုးကွ"

ကျော်သူဝင်းနှင့် ဖြိုး မင်းသူတို့ရဲ့ အပြန်အလှန်စကားကို လွှမ်းမိုးနိုင်က ဘုဝင်တောလိုက်သည်။

"ငါ...တကယ် အဆက်ဖြတ်လိုက်တာပါ သူငယ်ချင်းတို့ရာ...."

"အေးလေ....ဒါဆိုလည်း ပြီးတာပဲ"

"မင်းရဲ့ သုံးခွက်တစ်ခွက်တင် သီအိုရီကြီးကို မသုံးတော့ရင် ငါတို့ ကျေနပ်တယ်..."

"ဟုတ်တယ်..."

ဖြိုး မင်းသူနှင့် လွှမ်းမိုးနိုင်တို့ရဲ့ စကားကို ကျော်သူဝင်းက ခေါင်းတကုတ်ကုတ်နှင့် ...

"အေးပါကွာ...အဲ့ဒီ သုံးခွက်တစ်ခွက်တင် ကိစ္စကြီးကို မေ့ပစ်လိုက်စမ်းပါ"

"ဟာ...မေ့စရာလားကွ...မင်းရဲ့ သုံးခွက်တစ်ခွက်တင် သီအိုရီကြီးနဲ့ ပထမနှစ် တစ်နှစ် လုံး ကောင်မလေးတွေ နဲ့ တွဲ လာတာ ဘယ်နှယောက် ရှိနေပြီလဲ..."

"ဟုတ်တယ်...ကျော်သူဝင်း...မင်းက နာမည် ကြီးပဲ..မြာပွေးတဲ့ကောင်..."

ဖြိုး မင်းသူရဲ့ အဆိုကို လွှမ်းမိုးနိုင်က ထောက်ခံပေးလိုက် သည်။

“ငါ….မပွေခဲ့ပါဘူးကွာ”

“မပွေပဲနဲ့….ဘာကိစ္စ တည်တည်တန့်တန့် တစ်ယောက် ကို တစ်ယောက် ရည်းစားမထားဘဲ ဘာလို့ အများ ကြီး ထားခဲ့လဲ”

“ဒါ ကတော့…” ဆိုပြီး ရပ်နေသည့် ကျော်သူဝင်းကို လွှမ်းမိုးနိုင်က နှိပ်ကွပ်ပြန်သည်။

“မင်းရဲ့ ရုပ်မှု ပွေမှု တွေ ကြောင့် ငါတို့ဆိုရင် ကောင်မလေးတွေ က မိုင်တစ်ရာလောက်က ရှောင်နေကြတာ…အဲဒါ မင်းကြောင့် …”

“လွှမ်းမိုးနိုင် ပြောတာ ဟုတ်တယ်…ငါတို့ဆိုရင် မကွေးတက္ကသိုလ်က ကောင်မလေးတွေ အကုန်လုံးက နှာခေါင်းရှုံ့ချင်ကြတယ်”

“မကွေးတက္ကသိုလ်တင် ဘယ်ကမလဲ ဒီကောင်ရဲ့ ခြေလှမ်းစိပ်မှု တွေ ကြောင့် Computer ရော…G.T.C ရော ကျန်းမာရေး တက္ကသိုလ်ကပါ ကျော်သူဝင်းဆို လန့်နေကြပြီ..”

“အေးပါကွာ….ငါမှား ပါတယ်…တော် ကြပါတော့”

အတိုင်အဖောက်ညီနေကြသည့် သကောင့်သားနှစ် ကောင်ကို ကျော်သူဝင်းက တောင်းပန်သမှု ပြုနေသည်။

“မတော် နိုင်ဘူး…မင်းက နောက်ထပ် အသစ်တွဲ ချင်ပြီဆိုရင်…လက်ရှိ ရည်းစားကို အကြောင်းမရှိ အကြောင်းရှာဖြတ် ပြီးတော့ နောက်ထပ်လိုက်ရင်လည်း တစ်ယောက် တည်း မဟုတ်ဘူး၊ သုံးယောက် ကို တစ်ပြိုင်နက်ထဲ လိုက်တာ…”

“ဟုတ်တယ်…ဟုတ်တယ်…အဲ့ဒီသုံးယောက် ထဲကမှ တစ်ယောက် က ပြန်ကြိုက်ရင် အဆင်ပြေပြီ…မင်းက အချစ်ကို အရှုံးအမြတ်နဲ့ တွက်လိုက်တဲ့ကောင်…”

လွှမ်းမိုးနိုင် စကားမဆုံးခင် ဖြိုး မင်းသူက ဖြတ်ပြောလိုက်ခြင်း ဖြစ်သည်။

ဖြိုး မင်းသူကပင်..

"ပြီးတော့…ငါတို့လည်း ငြိမ်ငြိမ်မနေရဘူး သူ့ အကုသိုလ်ကို တဝက်ခွဲယူရသေးတယ်"

"ဟုတ်တယ်…မင်းက အကြောင်းမရှိ အကြောင်းရှာ ဖြတ်လိုက်တော့ ကောင်မလေးတွေ နဲ့ ရှင်းရတော့ ငါတို့နှစ် ကောင်ပဲ ဘယ်လောက်ပဲ မျက်နှာပူဖို့ ကောင်းသလဲ…"

တစ်ဖန် လွှမ်းမိုးနိုင်က - "ဟိုတလောကလဲ သက်စုဇော်က ငိုယိုပြီး ငါတို့ကို လာရင်ဖွင့်တာ…မင်း ရက်စက်တဲ့ အကြောင်းတွေ …ငါဖြင့် စိတ်တော် မကောင်းဘူး…မင်း ကတော့ အေးဆေးပဲ…"

"ဟုတ်တယ်…ဒီကောင်က သူကြိုက်ရင် အသည်းအသန် အခုပဲ သေတော့မလိုလိုနဲ့ ပြီးတော့လည်း ဘာမှမဟုတ်ဘူး… အေး…ခုလည်း စောင့်ကြည့်ရသေးတာပေါ့…ဘယ်လောက် ခံမလဲလို့…"

သူ့ကို အားရပါးရ နှိပ်ကွပ်နေသည့် ဟိုနှစ် ကောင်ကိုဘာတစ်ခွန်းမှ ဝင်မပြောပဲ ငြိမ်ပြီးနားထောင်နေရာမှ ထပြောလိုက်သည်။

"ဒီတစ်ခါ တကယ်ပါကွာ…ငါ အရင်လို သုံးခွက်တစ်ခွက်တင် မဟုတ်တော့ပါဘူးကွာ… တစ်ယောက် ဆို တစ်ယောက် ပဲ တည်တည်တန့်တန့် ချစ်ပါတော့မယ်…ကတိပေးပါတယ်ကွာ…"

သနားစဖွယ် မျက်နှာလေးနှင့် မာယာကြွယ်ပြနေသည့် ကျော်သူဝင်းကို ဖြိုး မင်းသူက နှာခေါင်း ရှုံ့ပြလိုက်သည်။ လွှမ်းမိုးနိုင် ကတော့…

"ဟုတ်ရင် ဟုတ်ပေါ့ကွာ…ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုလို့ ကတော့ ဟင်းဟင်း…" ဆိုပြီး လက်သီးထောင်ပြသည်။

"အေးပါကွာ…မင်းတို့ကလည်း ဟဲဟဲ…ဟဲ" ဆိုပြီး မျက်နှာချိုသွေးကာ လှဖ္ဖက်ရည်ဆိုင်သို့ အဆောင်ကနေ မျက်နှာလို မျက်နှာရ လုပ်ကာ ကျော်သူဝင်းက

ခေါ်ခဲ့လေတော့သည်။

ဒီလိုဆိုပြန်တော့လည်း ဟိုနှစ် ကောင်က နှစ် ခါမခေါ်ရ ရှေ့ကပင် ဦးဆောင်၍ ခြေလှမ်းသွက်နေပြန်သေးသည်။

သူတို့သုံးယောက် က သိပ်ချစ်နေကြသည့် ငယ်သူငယ်ချင်းသုံးယောက် ဖြစ်ကြသည်။ တစ်မြို့ တည်းနေ ငယ်သူငယ်ချင်းများ လည်း ဖြစ်သည့်အလျောက် သံယောဇဉ်ကလည်း ကြီးကြပေသည်။ သူတို့က စလင်းမြို့ သားများ ဖြစ်ကြသည်။ မိန်းမကိစ္စမှလွဲ၍ သုံးယောက် သား စိတ်တူကိုယ်တူ ရှိလှသည်။ ကဗျာရေး သားခြင်းကို အင်မတန် ဝါသနာကြီးကြသည်။ ဒါကြောင့် လည်း ငယ်ငယ်ကတည်းက ယခု တက္ကသိုလ်ဒုတိယနှစ် ရောက်ကြသည့်တိုင် မြန်မာစာအဓိကကို သုံးယောက် လုံးယူကာ တစ်ဆောင်တည်း အခန်းတစ်ခန်းဖြင့် ချစ်ချစ်ခင်ခင် နေလာကြခြင်း ဖြစ်သည်။

.......

"ကြယ်ရောင် ပျောက်တဲ့ည"

ရွှေသမင်မလေးရေ...

အချစ်အကြွင်းတွေ

နှလုံးသားနဲ့ လိုက်ကောက်ရင်း

ဟောဒီလို

အလွမ်းကျောင်းဝန်းကြီးအလယ်မှာ

ခြေကုန်လက်ပစ်ကြခဲ့ပြီ

သင်းကွဲငှက်တစ်ကောင်လို

မင်း တစ်ယောက် သာ

ငါ ခံ့မင်မိတာပါ

နှလုံးသား ဝိဉာဉ် ကတော့

မင်းခြေတစ်လှမ်းချင်းရဲ့

နောက်မှာ ပါ ချစ်ရသူ

အချိုး မကျတဲ့ ပုံမကျ င့်ညတွေ ထဲ

ငါဟာ ကန္တာရတွေ

တနင့်တပိုးကြီး ထမ်းပိုးရင်း

မနက်ဖြန်အတွက်

ရှေ့ဆက်ဖို့ မောနေခဲ့ပြီး

အလွမ်းနဲ့ ကြေကွဲခြင်းရဲ့

လွန်ဆွဲပွဲမှာ

ငါအခါခါ သေပွဲဝင်ခဲ့ရပါပြီ

ရွှေသမင်မလေးရေ....။ ။

ပိုးဟပ်ဖြူ

...................................................

# အခန်း(၂)

နှင်းဟေမာန်စိုး တစ်ယောက် ကဗျာလေးကို ဖတ်မိပြီး ဘာကို ဘယ်လိုနားလည်ရမှန်း မသိတော့…။

“ဘာ ငိုင်နေတာလဲ ဟေမာန်ရဲ့ …ငါ့ကိုလည်း ပေးဖတ်ဦးလေ…”

“ဩော်…အင်း…ဘာမှ မဟုတ်ပါဘူးဟာ…ရော့..”

သက်သက်ဝေက သူမဆီက စာကိုလှမ်းယူပြီး အသံထွက် ဖတ်လိုက်သည်။ ပြီးမှ…

“ကဗျာလေးတွေ ကတော့ ရေရေလည်လည် လန်းတယ်နော်…ဒါနဲ့ နင့်ဆီကို ရောက်တာ ဒါရောဆို နှစ် စောင်ရှိပြီနော်…နောက်ပြီး ဘာမှလည်း ရေး မထားဘူး… ကဗျာလေးတွေ ပဲ…နာမည် ကလည်း အတိအကျ မဟုတ်တာတော့ သေချာတယ်…ဘာတဲ့ ပိုးဟပ်ဖြူတဲ့…”

သက်သက်ဝေရဲ့ အဆိုကို သူမက သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ…

“အေးဟယ်….ငါလည်း ဒါကြောင့် ခေါင်းစားနေတာဘဲ…ဘယ်သူက ဘယ်လိုရည်ရွယ်ချက်နဲ့ ငါ့ဆီကို ပို့နေတာလဲ…”

“ငါ ထင်တာ ကတော့…ဟောဒီ မကွေးတက္ကသိုလ်ကြီးထဲက တစ်ယောက် ပဲ ထင်တယ်”

“ဩော်…ဒါ ကတော့ နင်ပြောမှလားဟဲ့….”

“သိဘူးလေ….ငါလည်း ထင်တာကို ပြောတာ”

လျှာတစ်လစ်ကလေး လုပ်ပြနေသည့် သက်သက်ဝေကို သူမက…

"ကဲပါ...ဘာမဟုတ်တဲ့ ကိစ္စလေးအတွက်နဲ့ ခေါင်းရှုပ် ခံမနေနဲ့တော့လာ... ကင်တင်းသွားမယ်.."

"နင်...ဒကာနော်"

"အမလေး...သိပါတယ်...ကောင်မရဲ့ ..."

သူငယ်ချင်း နှစ် ယောက် သား ရယ်ရယ်မောမောဖြင့် ထွက်သွားကြလေသည်။ သူမနည်းတူ ဒုတိယမြောက် ကဗျာလေးကို လက်ခံရရှိပြီး အုံးစားနေရသူ နှစ် ယောက် ရှိပါသေးသည်။ သူမတို့ ကတော့...

"လုပ်ပါဦး....အေမီရယ်.."

အရင်းမရှိ အဖျားမရှိ ပြောချလိုက်သည့် စန္ဒီရဲ့ စကားကို အေမီက တထိတ်တလန်နှင့် ...

"ဟဲ့...စန္ဒီ...ဘာ ဖြစ်လာတာလဲ ပြောစမ်း....ဘယ်ကောင် နင့်ကို ပြန်ပေးဆွဲဖို့ ကြံစည်နေတာလဲ"

"သြော်..အရေး ထဲမှ နင်ကတည်း တမျော င့်...ရော့ ဒီမှာ ..."

သူမ ထုတ်ပေးလိုက် သည့် ပန်းနုရောင် စာအိတ်ကလေးကို အေမီက လှမ်းယူလိုက်ရင်းမှ...

"နောက်တစ်စောင် ထပ်ရောက်လာတာလား..."

"အေး..."

"စကားမစပ် ဒီနေ့ ဘာနေ့လဲ စန္ဒီ..."

"သြော်...ဒီနေ့မှ ကျောင်းစတက်ရတာ ဆိုတော့ တနင်္လာနေ့ပေါ့ဟဲ့..."

"အရင်တစ်စောင်ရောက်လာတုန်းကရော ဘယ်နေ့လဲ"

"တနင်္လာပဲ..."

အေမီက တစ်ခုခုကို အလေးအနက် စဉ်းစားနေပြီး သူမကို ဘာမှထပ်မပြောတော့ဘဲ စာအိတ်ကို ဖောက်ဖတ်နေသည်။

"ပိုးဟပ်ဖြူပို့လိုက်တာ...အရင်တစ်ခါလို ကဗျာပဲ"

သူမက အေမီလက်ထဲက စာရွက်ကို ယူပြီး အမြန်ဖတ်လိုက်သည်။

"ဒါ...ဘယ်သူပို့တာ ဖြစ်နိုင်မလဲ အေမီ..."

"ပိုးဟပ်ဖြူပေါ့ဟာ...."

စိတ်ဝင်တစား နားထောင်နေသည့် စန္ဒီ တစ်ယောက် အေမီစကားကြောင့် ဒေါပွသွားရသည်။

"ဒါ ကတော့....ငါလည်း သိတာပေါ့ ကောင်မရဲ့ ..."

"ဟဲဟဲ....ဟဲ"

ရယ်ကျဲကျဲလုပ်နေသည့် အေမီကို သူမက မျက်စောင်းထိုးရင်းမှ...

"သူ...ဘာရည်ရွယ်ချက်နဲ့ ငါ့ဆီကို ကဗျာတွေ ပို့နေတာလဲ..."

"သေချာတာ ကတော့...နင့်ကို စိတ်ဝင်စားတဲ့သူ တစ်ယောက် ပေါ့ဟာ..."

အေမီရဲ့ စကားကြောင့် သူမ မသိမသာ ရင်ခုန်သွားသည်။ ရင်ထဲမှာ လည်း ကြည်နူးသလိုလို ခံစားလိုက်ရသည်။ သို့သော် ထို ကြည်နူးစိတ်က ကြာကြာမခံလိုက်ပါ။ အကြောင်းက အေမီရဲ့ အစပ်စပ် မတည့်တဲ့ ပြောစကားကြောင့် ပင် ဖြစ်သည်။

"သိလား...ခေတ်သွေးရဲ့ ဝတ္ထုလေးတွေ အရမ်းကောင်းတယ် သိလား....ငါ မနက်ကတောင် တစ်အုပ် ဝင်ငှားခဲ့သေးတယ်..."

"အေး ငှား ငှား...ပြီးတော့ အတန်းထဲကြ ခိုးဖတ် ဆရာမ တွေ့ရင် ငါပါရော အဆူခံထိဦးမယ်..."

"ပိုင်ပါတယ် စန္ဒီရာ...အေမီတဲ့ တစ်မီထဲ ရှိတယ်...နစ် မီရှိလို့ ကတော့ ကြောင်

ဖြစ်သွားပြီမှတ်...”

စပ်ဖြဲဖြဲ လုပ်နေသည့် အေမီကို သူမက “ကဲပါ....လာ အတန်းချိန် နီးနေပြီ အရည်မရ အဖတ်မရတွေ ပြောမနေနဲ့တော့..လာ...” ဆိုပြီး အတန်းဘက်သို့ ထွက်သွားကြလေသည်။

“ပိုးဟပ်ဖြူကတော့ လုပ်လိုက်ပြန်ပြီ..”

“ဟမ်....”

“ဘယ်လို....”

အဆီအငေါ် မတည့်လှတဲ့ မာလာသင်းရဲ့ စကားကြောင့် ဝေဝေနှင့် ဆွေဆွေတို့ အမွှာညီအစ်မ နှစ် ယောက် နားလည်ရ ခက်သွားသည်။ ဝေဝေက...

“ပိုးဟပ်ဖြူက နင့်ကို ဘာလုပ်လိုက်တာလဲ...”

ဆွေဆွေကလလည်း...

“ပိုးဟပ်ဖြူက ဘယ်သူဆိုတာ သိရပြီလား...အခုရော ဘာလုပ်လိုက်တာလဲ... အမလေး...မထိတ်သာ မလန့်သာ ရှိလိုက်တာ...”

ထို အမွှာညီအစ်မကြောင့် သူမ အတော် စိတ်ပျက်သွားသည်။

“နင်တို့ကလည်းဟယ်...ဝေးလိုက်တာ...သူ ကတော့ ငါ့ကို ဘာလာလုပ်ရဲမှာ လည်း ပါးဆွဲချပစ်မှာ ပေါ့....”

“ဒါဆို...”

“ဒါဆို မနေနဲ့တော့ မိဝေ...ဒီမှာ နောက်ထပ်ကဗျာ တစ်ပုဒ် ထပ်ရောက်လာတာကို ပြောတာဟေ့...”

ဒီတော့မှ ညီအစ်မ နှစ် ယောက် သား သူမဆီက စာကို အငမ်းမရ ဖတ်နေကြသည်။

“မိုက်တယ်ကွာ…”

“ဘာတွေ မိုက်နေတာလဲ မိဆွေရဲ့ …”

“ကဗျာလေ….ကဗျာ…မမိုက်ဘူးလား”

သူမ ကတော့ ဘာမှမဖြေပါ။ ဝေဝေ ကတော့…

“အေး…good တယ် romance လည်းဆန်တယ် ငါတော့ သဘောကျတယ်….”

ဆွေဆွေကလည်း…

“အေးနော်….အရမ်းကို စိတ်ဝင်စားဖို့ ကောင်းတယ်”

ညီအစ်မနှစ် ယောက် ကို အမြင်ကတ်ကတ်နှင့် သူမက…

“သဘောကျကျ စိတ်ဝင်စားကြဟော့…ငါ ကတော့ အာရုံနောက်တယ်… ဘယ်သူကများ စတန့်ထွင်နေလဲ မသိဘူး…”

အလိုမကျ ဖြစ်နေသည့် သူမမျက်နှာကြောင့် ညီအစ်မ နှစ် ယောက် လုံး ဇက်ပုသွားကြသည်။

“ထားလိုက်ပါတော့ဟာ…မေ့ထားတာပဲ ကောင်းပါတယ်…ကဲ…ကျူတိုရီရယ် အချိန်လည်း နီးနေပြီ…ငါတို့ အတန်းဝင်ကြစို့…

သုံးယောက် သား အတွေ းကိုယ်စီဖြင့် (Tutorial) ကျူတိုရီယန် ဖြေဖို့ အတန်းဘက်သို့ ထွက်သွားကြလေသည်”

…………………………………………………………

အခန်း (၃)

“ဒီကဗျာလေး…ဘယ်လိုလဲ…”

ကျော်သူဝင်းပြတဲ့ ကဗျာစာရွက်ကလေးကို နှစ် ကောင်သား ဝိုင်းဖတ်လိုက်သည်။

ပြီးမှ လွှမ်းမိုးနိုင်က "အေး...ကောင်းတယ် ပိုးဟပ်...မဆိုးဘူးနော်...ဖိုးသားလေး...." ဆိုပြီး တရစပ်တည်း အဖော်ငြိလိုက်သည်။ ဖြိုး မင်းသူကလည်း...

"မိုက်တယ်..."

"ပိုးဟပ်ဖြူ" ဆိုတာက ကျော်သူဝင်း ပထမနှစ် က နာမည် ပြောင်တွင် ထားခြင်း ဖြစ်ပါသည်။ တခြားသူတွေ ကတော့ မသိပါ။ သူတို့ သုံးယောက် အတွက်သာ ဖြစ်ပါသည်။ ပထမနှစ် တုန်းက ကျော်သူဝင်းက ဆံပင်ကို ကိုးရီးယားမင်းသားစတိုင်နှင့် နဖူးဘေးတစ်ဖက်တစ်ချက်မှာ အမွှေးတစ်ခုစီချကာ အနီရောင် ဆိုးထားသည်။ ဒါကို ဟိုနှစ်ကောင်က ပိုးဟပ်နှင့် တူသည်ဆိုကာ လှောင်ပြောင်ရာမှ အစပြုခဲ့သည်။ နောက် ....ကျော်သူဝင်းက အသားလေးပါ ဖြူတော့ ပိုးဟပ်ဖြူဖြစ်ခဲ့ရသည်။

ဖြိုး မင်းသူ ကတော့ အိမ်နာမည် ဖြစ်သည်။ "ဖိုးသားလေး" ကို အစွဲပြုကာ အခေါ်ခံရခြင်း ဖြစ်သည်။ လွှမ်းမိုးနိုင်ကိုတော့ ငယ်ငယ်ကတည်းက "ငမိုး" ဟု ခေါ်လေ့ရှိကြသည်။

အဆောင်မှာ ဖြစ်စေ...ညဘက် ဝိုင်းဖွဲ့ကြသည် ဖြစ်စေမှ သာထိုနာမည် တွေ ကို ခေါ်ပြောလေ့ရှိသည်။ ကျောင်းမှာ တော့ ထိုနာမည် တွေ ကို မခေါ်မိဖို့ အထူးသဖြင့် "ပိုးဟပ်ဖြူ" နာမည် ကို မခေါ်မိဖို့ အထူး သတိထားကြသည်။ အကြောင်းက...

"ဒါဆို...ငါ ဒီကဗျာလေးကို သုံးလိုက်တော့မယ်နော်"

ပိုးဟပ်ရဲ့ အမေးကို မိုးကြီးရော ဖိုးသားလေးကပါ ထောက်ခံလိုက်သည်။ ။

"OK"

............................................................

"..................သို့"

ကောင်မလေးရေ.....

ရင်ထဲမှာ မီးမထွန်းပဲ လင်းတာ

အချစ်တဲ့

အဲ....တချို့ တချို့ တွေ ကတော့

ပြဿ ဒါးရက်မှာ ကခုန်တတ်တဲ့

မင်းသမီးပဲတဲ့

(ဘယ်လိုပဲ ဖြစ် ဖြစ်ပေ့ါကွာ...)

ငါ ကတော့

မသင်ကြားဘဲ တတ်မြောက်တာကို

အချစ်လို့ ယူဆထားတယ်....

ငါ့ဘဝရဲ့ သန်းခေါင်ယံလွန်း

နတ်သမီးလေးရယ်....

မြင်မြင်ချင်း ချစ်ခဲ့တယ်ဆိုပေမယ့်

ရင်...ရင် ချင်းလည်း ချစ်ခဲပါတယ်ကွယ်

ငါ့ စီးကရက်ထဲကို

အလွမ်းတွေ ဘယ်သူ ထည့်သွားလဲတော့ မသိဘူး

ညညဆိုရင် ငါ့အိပ်မက်တွေ ကို

ထင်တိုင်းကျဲနေတတ်လွန်းလို့

ညရောက်မှာ ကို စိုးထိတ်နေမိတယ်...

ကောင်မလေးရေ......

ငါ့ရဲ့ အ ဖြစ်ချင်ဆုံး ဆန္ဒတွေ ကတော့

၁။ အိပ်မက်တွေ ကို မိတ္တူကူးပြီးတော့

မင်းကို လက်ဆောင်ပေးချင်တယ်...

၂။ မင်းရဲ့ စိတ်ကို မီးခြစ်လိုခြစ်ပြီး

ငါ့ရဲ့ စိတ်ကို မီးညှိစေချင်တယ်...

အဲ...တကယ်လို့များ ....ငါ့အတွက်

"အချစ်" အစား "......" ဆိုတာကြီး

ရောက်လာခဲ့ရင်လည်း မြတ်မြတ်နိုးနိုးနဲ့

ငါ....မော့သောက်ရဲပါတယ်

ကောင်....မ....လေး....ရယ်....။

ပိုးဟပ်ဖြူ

........................................................

အခန်း (၄)

"သုံးစောင်ရှိသွားပြီ ဝေဝေနဲ့ ဆွေဆွေ..."

မာလာသင်း တစ်ယောက် အထက်ပါ ကဗျာကို ကျောင်းစာတိုက်မှ လက်ခံပြီး အတွေ းရခက်နေသည်။

"ငါတို့ ညီအစ်မလည်း စုံစမ်းနေကြတာပဲ မာလာ...ဒါပေမယ့်...ဘယ်သူမှ ပိုးဟပ်ဖြူဆိုတာကို မသိကြဘူး"

"အေး...ဟုတ်တယ်..."

ဝေဝေရဲ့ စကားကို ဆွေဆွေက ထောက်ခံလိုက်သည်။ သူမ ကတော့ ကဗျာလေးတွေ ကို သဘောကျပေမယ့် ဘယ်သူမှန်း မသိတော့ အတွေ းရကျပ်နေသည်။

"မာလာ...နင့်ကို လိုက်နေတဲ့ ဟို....ငြိမ်းလှိုင်ဆိုတဲ့ ကောင်များ လား..."

"မဟုတ်လောက်ပါဘူး မိဝေရာ...ဒီကောင် ပုံစံက တော့ပုံပါ.....ဒီလောက် မစွမ်းပါဘူး..."

"ဒါဆို...... အောင်ကို များ လား..."

"ဟို...ကာတွန်းပုံတွေ ဆွဲပြီး နို့တစ် (Notic) ဘုတ်မှာ သွားသွားကတ်တဲ့ ကောင်လား..."

သူမအမေးကို ဆွေဆွေက "အေး...."

"သူဆိုရင်တော့...ပိုဝေးသေး..."

"ဘာ ဖြစ်လို့....." ဖြတ်မေးလိုက်သည့် ဝေဝေကို သူမက...

"ဘာ ဖြစ်ရမလဲဟဲ့....သူသာဆို ငါ့ကို ဘယ်ကဗျာတွေ ပေးမလဲ....ကာတွန်းတွေ ဆွဲပေးမှာ ပေါ့..."

"အင်း...ဒါလည်း ဟုတ်တာပဲ...." ဆိုပြီး သူမတို့ သုံးယောက် ရှေ့ဆက်ရခက်နေကြသည်။

.....................................

"ကဲ...ဘယ်လိုလဲ...မအေးမီ...ငါစုံစမ်းခိုင်းတဲ့ ကိစ္စ ဒီမှာ တော့ နောက်တစ်စောင် ရောက်လာပြန်ပြီ...."

"ဟုတ်လား...သူ ကတော့ အပတ်စဉ် တနင်္လာနေ့တိုင်း ပို့နေတာပဲနော်...ငါလည်း စုံစမ်းနေတာပဲ စန္ဒီရာ...ငါရော ငါ့သူငယ်ချင်းတွေ ပါ လုံးဝ သတင်းအစအနကို မရတာ ..."

"ခက်ပါတယ်...အေးမိရာ..."

သူမနှင့် အေးမီ နှစ် ယောက် လုံး "ပိုးဟပ်ဖြူ" ကြောင့် အလုပ်ပိုတွေ လုပ်နေကြရသည်။

"တစ်နေ့တော့ နင် မသိချင်လဲ သိလာရမှာ ပါ စန္ဒီရာ"

ချင့်ချင့်ချိန်ချိန်နှင့် ပြောလာသည် အေမီစကားကို စန္ဒီက…

"ဘာ ဖြစ်လို့…"

"ဘာ ဖြစ်ရမလဲ…သူက နင့်ကို ကြိုက်လို့ ဒီလိုလုပ်နေတာလေ…ဒီတော့ တစ်နေ့နေ့တော့ နင့်ရှေ့ကို ကျွန်တော် ပိုးဟပ်ဖြူပါဆိုပြီး ရောက်ကို လာမှာ …နင် စိတ်ရှည်ဖို့တော့ လိုမှာ ပေါ့ဟာ…"

အေမီစကားကို သူမက စိတ်ပျက်လက်ပျက်နှင့် …

"အေးပေါ့ဟာ….နင်ပြောသလိုပဲ စောင့်နေရတော့မှာ ပေါ့…"

……………………………………………

"ဟေမာန်….ငါ့သူငယ်ချင်းတွေ နဲ့ လက်လှမ်းမီသလောက် စုံစမ်းကြည့်တာတော့ ပိုးဟပ်ဖြူကို မသိကြဘူးတဲ့"

သက်သက်ဝေရဲ့ စကားကို နှင်းဟေမာန်စိုးက "ငါလည်း ဒီလိုပါပဲဟာ…ဩော်… ဒါနဲ့ ငါ့ကို လိုက်နေတဲ့ ကျော်ဆွေသန့်ကိုရော နင် တီးခေါက်ကြည့်မိသေးလား…"

"အေး…ငါ တစ်ခေါက်မေးပြီး….သူ မဟုတ်တာတော့ သေချာတယ်…"

"ငါ ကတော့ ဘယ်သူ ဘယ်ဝါဆိုတာ သိချင်လှပြီ သက်သက်ဝေရာ…ဒါမှ…ငါ့မှာ လည်း ဒုက္ခငြိမ်းမှာ …."

ခပ်ငြီးငြီးလေး ဆိုလာတဲ့ သူမ စကားကြောင့် သက်သက်ဝေက…"မသိရတော့လည်း ဘာအရေး လဲဟာ…ဘာလဲ နင်က အဲ့ဒီ ပိုးဟပ်ဖြူကို စိတ်ဝင်စားနေလို့လား…"

"စိတ်ဝင်စားတယ်ရယ်လည်း မဟုတ်ပါဘူးဟာ…ငါ့ကို လိုက်နေကြတဲ့ သူတွေ ထဲမှာ သူလိုက်ပုံလေးက အထူးအဆန်းလေး ဖြစ်နေတော့ တစ်မျိုး လေးတော့ ခံစားရတာ

ပေါ့ဟာ…”

ရက်ဝဲဝဲလေးနှင့် ပြောနေသည့် သူမကို သက်သက်ဝေက သဘောတကျနှင့် “အောင်မယ် ကောင်မ…ဟိုက ဘယ်လိုလူမှန်း မသိရသေးပဲနဲ့…”

“ချစ်မှာ ပဲ….ချစ်မှာ ပဲ…ဗိုက်ပေါက်အောင် ချစ်မယ်” ဆိုပြီး သူက အဲလက်စ် သီချင်းကို အပြောင်အပျက် ဆိုလိုက်တော့ နှစ် ယောက် သား အားပါးတရ ရယ် ဖြစ်ကြသည်။

……………………………………………